ရှင်ဂေါတမက စစ်တိုက်မှုကို တားမြစ်ပါသလား

သာသနာ တစ်ပါး ဟူသည် လူ့သားများနှင့် လူသားတို့အား တည်မှီနေသော လူ့ပတ်ဝန်းကျင်မှ ဝတ္တုတို့၏ ယခု ပစ္စုပ္ပန်ကာလနှင့် နောင် ဆွဲဆန့်သွားသော အနာဂါတ်ကာလတို့၏ ဘဝများ သာယာစေရန် ဆောက်တည်ရမည့် စည်းကမ်း ဥပဒေများ၊ ထိုစည်းကမ်း ဥပဒေများ အတိုင်း ပုံဝင်လာစေရန် ကျင့်ဆောင်ယူရသော ကျင့်စဉ်ကျင့်ရပ် လိုက်နာမှုများ လိုအပ်ပေသည်။

စိတ်ကူးယဉ်မှုတို့ ပစ်ပယ်၍ လက်တွေ့ကျကျ ဆင်ခြင်လျှင် လူတစ်ဦးချင်း၏ ဘဝ တည်ဆောက်ရာတွင်ပင် ဘဝ အတွက် ရှန်းကန်လှုပ်ရှားရမှုများ၊ ဘဝ တိုက်ပွဲများကို မဖြတ်သန်းဘဲလျှက် ဘဝ၏ ငြိမ်းအေးရခြင်း ပန်းတိုင် အား ရောက်ရှိမည် မဟုတ်ပေ။ ထိုထက် ပို၍ ကျယ်ဝန်းသော မိသားစု အရေးကိစ္စများ၊ ရပ်ရေးရွာရေး အရေးကိစ္စများ၊ တိုင်းရေး ပြည်ရေး အရေး ကိစ္စများ အတွက်မူ စည်းကမ်း ဥပဒေ များ ထိုဥပဒေတို့အား ပြောဆို ဆုံးမ၍ မရနိုင်လောက်အောင် ဆိုးသွမ်းသူများ၊ ဆန့်ကျင်သူများ၊ အာခံသူများ၊ သောင်းကျန်းသူများ ဟူသည် ရှိနေသည်မှာ ဓမ္မတာပင်။

ဆိုးသွမ်း သောင်းကျန်းသူတို့အား သူ့ဟာသူ ဆိုးနေပါစေ၊ သူ့ဟာသူ ရမ်းကား သတ်ဖြတ်ခြင်း ပြုနေပါစေ၊ တစ်ချိန်သော် နောင်တရလျှက် သူတော်ကောင်း ဖြစ်လာလိမ့်မည်ဟု သတ်မှတ်ကာ ထိုရမ်းကားသူများ ဆိုးသွမ်းသူများအား အရေးယူသော ဥပဒေ မရှိ၊ ထောင်မရှိ၊ အချုပ် မရှိ၊ ဘေးမဲ့ သာလာယံဇရပ် ဖြစ်နေသော မင်းမဲ့တိုင်းပြည်ကြီးအား မည်သည့် ဘာသာရေး ဘုန်းတော်ကြီးကမှ ထိန်းသိမ်းနိုင်မည် မဟုတ်ပေ။

ရှင်ဂေါတမ၏ ခေတ်ကာလတွင်ပင် ရှင်ဂေါတမသည် တိုင်းရေးပြည်ရေး ကိစ္စတို့အား သူနှင့် မဆိုင်သကဲ့သို့ အုပ်ချုပ်သူ မင်းတိုနှင့် သီးခြား ကဏ္ဍခွဲထားခဲ့သော်လည်း သူကိုယ်တိုင်အား အနှောင့်အယှက်ပေး ဒုက္ခပေး လာသည့် အချိန်အခါတွင် အနှောင့်အယှက်ပေးသူအား တရားရေအေး တိုက်ကျွေးခြင်းမျှသာ ပြုလုပ်ခဲ့ခြင်း မဟုတ်ဘဲ-၊ ပြောဆို ဆုံးမ မရနိုင်သည့် ထို အနှောင့်အယှက်ပြုသူအား အရေးယူပေးပါရန် ကောသလမင်း ထံတွင် ဆန္ဒပြု အရေးဆိုခဲ့ရသည်ထိ ဖြစ်ခဲ့ကြောင့် နိပတ်တော်လာ ဘရုဇ်ဇတ်တော်၌ အတိအလင်း ဖော်ပြထား ပေသည်။ ဤနေရာတွင် ဆင်ခြင်လိုသည်မှာ ရှင်ဂေါတမသည် သူနှင့် အတိုက်အခံ ဖြစ်သော (သူ့အဆို တိတ္ထိ ရဟန်း)တို့အား ဘုရင်မှ အရေးယူပေးရန် တောင်းဆိုခြင်းသည် မေတ္တာရပ်ခံခြင်း မဟုတ်ဘဲ- အကယ်၍ အရေး မယူပေးလျှင် ဘုရင်အရာမှ ပြုတ်သွားမည်ဟု အင်အားသုံး အကျပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။

တဖန် တိုင်းပြည်ဒေသ တစ်ခုတွင် နေထိုင်သော သူတို့သည် မိမိတို့၏ ဘဝများ လုံခြုံစိတ်ချမှု မရှိလျှင် တရားဘဝ ကျင့်ဆောင်ရန်၊ ထိုတရားဘာဝနာ ကျင့်ဆောင်သူတို့အား ထောက်ပံ့ကူညီရန် ချောမွေ့စွာ ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ထိုကြောင့် တိုင်းပြည်ဒေသ တစ်ခုတိုင်း၏ လုံခြုံရေး အတွက် စစ်တပ်များ ထားရှိရမည် တည်ထောင်ရမည် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဗုဒ္ဓနိုင်ငံ လူများစု အဖြစ် ရှိနေသော သီရိလင်္ကာနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ်ဘောဒီးယားနိုင်ငံ များတွင်လည်း စစ်တပ်များ တည်ထောင်ထားရသည်ပင်။ ထိုအခြေအနေတွင် ဘာသာရေးအား နှံ့စပ်စွာ မလေ့လာထားဘဲ

လျှက် ကျွန်ုပ်တို့၏ ဘာသာတရားတွင် စစ်တပ် မထူထောင်ရ ဟူသော ဆိုင်းဘုတ်များအား မတင်သင့်ပေ။ ထိုသို့ ပြောဆိုမိပါက- မိမိမှ လိုက်နာကျင့်ဆောင် လုပ်ကိုင်နိုင်ခြင်း မရှိသော အလုပ်အား ပါးစပ်ဖြင့် ပြောနေယုံမျှသာ ဖြစ်ရမည် ဖြစ်ပြီး- ပိဋကတ်တော်လာ ထေရဂါထာပါဠိတော်၊ ၃ ဗာကုလတ္ထေရဂါထာ၊ ၂၂၆ တွင် သွန်သင်သော- အကြင်အမှုကို ပြုလုပ်၏၊ ထိုပြုလုပ်သော အမှုကိုသာ ပြောဆိုရာ၏၊ အကြင်အမှုကို မပြုလုပ်၊ ထိုမပြုလုပ်သော အမှုကို မပြောဆိုရာ၊ မပြုလုပ်ပဲ ပြောဆိုသည်ကို ပညာရှိတို့ သိကုန်၏- ဆိုသည့် ဩဝါဒဖြင့် ငြိစွန်းနေမည်သာ ဖြစ်သည်။

ပိဋကတ်တော်လာ သွန်သင်ချက်များအား အစာသွပ် ကွင်းစကွင်းပိတ်ဖြင့် ထည့်ထားသည်တို့အား ဖယ်လျှက် မူရင်းစာလာ အတိုင်း လေ့လာလျှင်-၊ ကောင်းစွာသော စစ်တိုက်ခြင်း (တရားသော စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်း) တို့သည် ကိလေသာ အား တွန်းလှန်ခြင်း တစ်မျိုးဖြစ်၏၊ စိတ်စေတနာ ပြတ်သားသော အလှူအဒါန်း ပြုလုပ်ခြင်း မည်၏။ ဟူသည်ကို တွေ့ရပေသည်။

ဥပမာ- ဤခုဇ္ဇုသောဘိတမထေရ်သည် ကောင်းစွာ စစ်တိုက်ခြင်းဖြင့်၎င်း၊ အဆွေခင်ပွန်းတို့ပေးအပ်သည့် လျောက်ပတ်သော ဓမ္မဒါနဖြင့်၎င်း၊ စစ်မြေပြင်တွင် အောင်ပွဲရသဖြင့်၎င်း၊ အရဟတ္တမဂ်တည်းဟူသော အကျင့်မြတ်ကို ကျင့်ခြင်းဖြင့်၎င်း၊ ဤဆိုခဲ့ပြီးသော အပြားအားဖြင့် ချမ်းသာကို ခံစားရ၏။ (ထေရပါဠိတော်၊ ၆ ခုဇ္ဇသောဘိတခတ္တရ ဂါထာ၊ ၂၃၆)-

ပေးလှူခြင်းသည်၎င်း၊ စစ်ထိုးခြင်းသည်၎င်း၊ တူမျှ၏ ဟု ဆိုကုန်၏။ သူတော်ကောင်းတို့သည် အနည်းငယ်မျှ ဖြစ်ကုန်သော်လည်း များစွာသော သူတို့ကို အောင်မြင်ကုန်၏။ (သံယုတ်ပါဠိ၊ ၄ သတုလ္လပကာယိကဝဂ်၊ ၃ သာဓုသုတ်) - စသည်တို့အား နလုံးမူနိုင်သည်။

ရှင်ဂေါတမသည် စစ်သား စစ်သည်နှင့် စစ်သူရဲကောင်းတို့အား လူသတ်ကောင်၊ အကြမ်းဖက်၊ သောင်းကျန်းသူ၊ လူဆိုး သူခိုး ဟူသော ပုဒ်မ ပုဒ်ထီးများ တပ်ခဲ့ခြင်းကို ပိဋကတ်တော်တွင် အလျဉ်းမတွေ့ရသည့် အပြင်၊ ထို သူရဲကောင်းများနှင့် သိက္ခာသမာဓိ ကြီးသော၊ အမုန်တစ်ကယ် ပြတ်သားစွာ ဆုံးဖြတ်လျှက် ဘာဝနာကျင့်ကြံ သော သူတော်ကောင်းများဖြင့် ကောင်းသော ပမာပေး ဖော်ပြထားသည်ကိုသာ တွေ့ရသည်။ ရှင်ဂေါတမ ကိုယ်တိုင်လည်း စစ်သူကြီး၏ အလှူအဒါန်း ဆွမ်းပင့်ဖိတ် ကျွေးမွေးမှုအား နလုံးလှိုက်လှဲ လက်ခံ ဘုန်းပေးခဲ့ သည်။ (လူဆိုး သူခိုး လူသတ်ကောင်၊ အကြမ်းဖက် ဟု သတ်မှတ်ထားလျှင်- ထိုလူဆိုး သူခိုးတို့ အားရကျေနပ် စေရန် အလှူအဒါန်းအား လက်ခံမည် မဟုတ်သည့် အပြင် သပိတ်မှောက် ဆန့်ကျင်ခဲ့မည်သာ ဖြစ်တော့သည်။)

## ၃-သာဓုသုတ်

၃၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ သူတော်ကောင်းတို့၏ တရားကို ပြောဟော၍ နတ်ပြည်၌ ဖြစ်ကုန်သော များစွာကုန်သော နတ်သားတို့သည် အလွန် နှစ်သက်ဖွယ်သော အဆင်းရှိကုန်သည် ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ဇေတဝန် တကျောင်းလုံးကို တွန်းလင်း စေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကုန်ပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် နတ်သားတယောက်သည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ်ကောင်းပေ၏၊ ဝန်တိုမှု 'မစ္ဆေရ' ကြောင့်ရင်း မေ့လျော့မှု 'ပမာဒ' ကြောင့်ရင်း ဤသို့သော အကြောင်းကြောင့် အလှူ 'ဒါန' ကို မပေးလှူနိုင်၊ ကောင်းမှုကို အလိုရှိသော (ကောင်းမှု၏ အကျိုးကို) သိသော ပညာရှိသာ ပေးလှူနိုင်၏"ဟု (ဥဒါန်းကျူးရင့်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ် ကောင်းပေ၏၊ စင်စစ်သော်ကား အနည်းငယ်မျှ သော်လည်း ပေးလှူခြင်းသည် ကောင်း၏၊ အချို့သူတို့သည် အနယ်းငယ်မျှသော လှူဖွယ်၌သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူကုန်၏၊ ဥစ္စာများစွာနှင့် ပြည့်စုံသူ အချို့တို့ သည် ခွဲခြမ်းဝေဖန်၍ မပေးလှူကုန်၊ အနည်းငယ်မျှသော ပေးလှူဖွယ်၌ ခွဲခြမ်းဝေဖန်၍ ပေးလှူအပ်သော အလှူကို အလှူတထောင်နှင့်အမျှ နှိုင်းရှည့်အပ်၏"ဟု (ဥဒါန်း ကျူးရင့်)၏—

တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ်ကောင်းပေ၏၊ အနည်းငယ်မျှသော ပေးလှူဖွယ်၌ သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူခြင်းသည် ကောင်း၏၊ စင်စစ်သော်ကား ယုံကြည်မှု ဖြင့်လည်း ပေးလှူခြင်းသည် ကောင်း၏။

ပေးလှူခြင်းသည်ငှင်း၊ စစ်ထိုးခြင်းသည်ငှင်း တူမျှ၏ဟု ဆိုကုန်၏၊ သူတော်ကောင်း တို့သည် အနည်းငယ်မျှ ဖြစ်ကုန်သော်လည်း များစွာသောသူတို့ကို အောင်မြင်ကုန်၏၊ (အကြင်သူသည်) ယုံကြည်သည်ဖြစ်၍ အနည်းငယ်မျှကိုသော်လည်း အကယ်၍ပေးလှူအံ့၊ ထိုကြောင့်သာလျှင် ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းရှိ၏"ဟု(ဥဒါန်းကျူးရင့်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ်ကောင်းပေ၏၊ အနည်းငယ်မျှသော ပေးလှူဖွယ်၌ သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူခြင်းသည် ကောင်း၏၊ ယုံကြည်မှုဖြင့်လည်း ပေးလှူ ခြင်းသည် ကောင်း၏၊ စင်စစ်သော်ကား တရားသဖြင့်ရအပ်သော စည်းစိမ်ရှိသူ၏ (ရအပ် ပြီးဖြစ်သော လောကုတ္တရာတရား ရှိသူအား) ပေးလှူခြင်းသည်လည်း ကောင်း၏။

ဒီသာ ပါမောက္ခ